www.kelasa.org



# ဗုဒ္ဓရဲ့ နဖူးသင်းကျစ်တော်

ဆရာတော် အရှင်သူမြတ်ဘုရား၊
တပည့်တော် သိချင်တာကလေး နှစ်ခုပါဘုရား။

(၁) တပည့်တော်ရဲ့ မိခင် မြန်မာနိုင်ငံက ပင့်လာတဲ့ ကျောက်ဆင်း တုတော်ရဲ့ နဖူးတော်မှာ ထူးခြားတဲ့ အ ရာတစ်ခု ပါရှိနေတာကို သတိပြုမိပါတယ်။ သင်းကျစ် တော် ခေါ်တယ်လို့ မိခင်က ပြောပါတယ်ဘုရား။ အဲဒါ လေးနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ် ဘုရား။

(၂) စေတီတော်တွေက ရောင်ခြည်ထွက်တယ်လို့ ကြားဖူးပါသည်ဘုရား။ ကိုယ်တိုင် တစ်ခါမျှ မဖူးမြင်ဘူးပါ။ ဘာကြောင့် ဘယ်လို ရောင်ခြည် ထွက်ရတယ် ဆိုတာကိုလဲ သိလိုပါသည်ဘုရား။

မြမြမြိုင်

## (၁) ဗုဒ္ဓနဖူးပေါ်က ထူးခြားတဲ့အရာ

ဗုဒ္ဓနဖူးတော်မှာ ထူးခြားတဲ့အရာ နှစ်မျိုးရှိပေမဲ့ မေးခွန်းအရ 'သင်းကျစ်တော်' ဆိုတာနဲ့ ပတ်သက်လို့ပဲ ပြောပြပါမယ်။ ဗုဒ္ဓဟာ သာမန်လူသား မဟုတ်ပါဘူး။ မဟာပုရိသ (ထူးခြားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်) ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ခန္ဓာကိုယ်မှာ မဟာပုရိသတွေမှာပါတဲ့ လက္ခဏာတော်ကြီး ၃၂ မျိုးပါရှိတယ်။ မဟာပဒါနသုတ် (ဒီ ၂၊ ၁၅)နှင့် လက္ခဏသုတ် (ဒီ ၃၊ ၁၃၇) တို့မှာ အသေးစိတ် ဖော်ပြပါတယ်။ ဒီအထဲက တစ်ခုက 'ဥဏှီသသီသော = သင်းကျစ် ဆင်ထားဘိသကဲ့သို့ သော ဦး ခေါင်းရှိ၏ (ဒီ-မြန် ၂၊ ၁၆)'တဲ့။

ဝိသုဒ္ဓါရုံဆရာတော်ကြီးက 'ဥဏှီသသီသော = မင်းများ ဆောင်းသည့် ဦးသျှောင်သရဖူ ပုံတူအလား ဆံစနား၌ နဖူးသင်းကျစ် ရှိုးပြား ရှိတော်မူ၏ (ဝိသုဒ္ဓါရုံ အဆုံးအဖြတ်၊ စာ-၄၅၅)'လို့ မြန်မာမှု ပြုပါတယ်။ ပါရမီဖြည့်ရင်း ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါ လူအများကို ဦးဆောင်ပြီး လုပ်ခဲ့လို့ အဲဒီလက္ခဏာကို ရတာဖြစ်တယ်။ အဲဒီလက္ခဏာ ရှိလို့ နတ်လူပြဟ္မာ အများဟာ ဗုဒ္ဓကို အတုလိုက်ပြီး ကျင့်ကြံကြတယ် လို့ လက္ခဏသုတ်မှာ မြတ်ဗုဒ္ဓ ဟောတော်မူပါတယ်။

ဥဏှီသသီသော-ပုဒ်ကို အဋ္ဌကထာ (ဒီ-ဋ္ဌ ၂၊ ၄၂) မှာ အဓိပ္ပာယ် နှစ်မျိုးပြတယ် -

'နဖူးပြင် ပြည့်ဖြိုးခြင်းနှင့် ဦးခေါင်းပြည့်ဖြိုးခြင်းဟူသော အကြောင်းနှစ် မျိုးကြောင့် ဥဏှီသသီသဟု ဆိုခြင်းဖြစ်၏။ လက်ယာ နားစွန်းမှ လက်ဝဲနား စွန်းထိ အသားပြားထွက်၍ (မံသပဋလံ ဥဋ္ဌဟိတွာ) နဖူးပြင်တစ်ခုလုံး ဖုံးလွှမ်းသကဲ့သို့ တည်ရှိ၏။ ယင်းသည် ဘုရင်မင်းတို့ ဆောင်းသော သင်းကျစ် ကဲ့သို့ လုပတင့်တယ်၏။ မဟာပုရိသတို့၏ ဤလက္ခဏာကို အတုယူပြီး မင်းဆောင်း သင်းကျစ် ဖြစ်ပေါ်လာသတတ်။ အခြား အဓိပ္ပာယ်တစ်မျိုးမှာ လူအများစု၏ ဦးခေါင်းမှာ ညီညာပြည့်ဖြိုး ခြင်းမရှိ။ မဟာပုရိသတို့၏ ဦးခေါင်းမှာမူ ဆောက်ဖြင့် ထွင်းထုထားသည့်အသွင် ရေပူဖောင်းအလား ပြည့်ဖြိုး ညီညာ၏။ ပထမနည်းအရ သင်းကျစ် ဆောင်းထားသည်နှင့် တူသောကြောင့်၊ ဒုတိယနည်းအရ ရေပူဖောင်းကဲ့သို့ ဝိုင်းဝန်း ညီညာ သောကြောင့် ဥဏှီသသီသ ဟုဆို၏'။

www.kelasa.org

မြတ်ဗုဒ္ဓကို မျက်တွေ့ မဖူးမြင်လိုက်ရတဲ့ ပန်းပု ပညာရှင်တွေဟာ မြတ်ဗုဒ္ဓရဲ့ ဥဏှီသသီသလက္ခဏာတော်ကို ပေါ်လွင်အောင် ထုလုပ်ရာမှာ ယူဆချက်တွေ ကွဲပြားခဲ့ကြတယ်။ သင်းကျစ်ပုံသဏ္ဍာန်လို လုံးဝန်း ပြည့်ဖြိုးခြင်း သို့မဟုတ် နဖူးပြင်အထက်ပိုင်းကို ဖုံးလွှမ်းထားတဲ့ ကြွက်သား (အရိုးပြား) လို့ ယူဆချက် နှစ်မျိုး။ ကနိဂျုကမင်း နန်းစံ သုံးနှစ်မြောက်မှာ ထုလုပ်ခဲ့တဲ့ နာမည်ကျော် မြတ်ဗုဒ္ဓလောင်းလျာ (ဗောဓိသတ္တ) ဆင်းတုမှာ နဖူးပြင် အနည်းငယ် မြင့်ရုံလောက်ပဲ။ ဒါပေမဲ့ ကုသျှန်ခေတ် နှောင်းပိုင်း မထုရာမြို့က ပန်းပုပညာရှင်တွေကတော့ ဆံစကို ထိနေတဲ့ အရိုးပြားနဲ့ ဖုံးလွှမ်းထားတဲ့ နဖူးပြင်နဲ့ သရုပ်ဖော်ခဲ့ကြတယ်။ (Rays Davids, Dialogues of the Buddha, II, p. 16. ကိုရှုပါ)။

မြတ်ဗုဒ္ဓကို အစ္ဆရိယမနုဿ = အံ့ဖွယ်လူသား အနေနဲ့ နားလည်ပြီး ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနိုင်ပါစေ။

## (၂) စေတီမှ ရောင်ခြည်လွှတ်ခြင်း

စေတီတော်ထဲမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့ရဲ့ ဓာတ်တော်ကို ဌာပနာ (ထည့်သွင်း) ထားတာ သေချာရင် အဲဒီစေတီတော်က ရောင်ခြည်လွှတ် (တန်ခိုးပြ) ပါတယ်။ ဒါပေမဲ့ ရောင်ခြည်လွှတ်စေနိုင်တဲ့ အကြောင်း သုံးခုရှိတယ်။ အဲဒါတွေက -

၁) ယခု အသက်ထင်ရှားရှိဆဲ ရဟန္တာပုဂ္ဂိုလ်တွေက နတ်လူတို့ကို သနားသောအားဖြင့် 'ဤမည်သော စေ တီမှာ ရောင်ခြည်လွှတ်ပါစေ'လို့ အဓိဋ္ဌာန်ပြုရင်၊

၂) သမ္မာဒေဝနတ်တွေ လူအပေါင်းကို စောင့်ရှောက်တဲ့ အနေနဲ့ 'ဤ တန်ခိုးပြာဋိဟာကြောင့် သာသနာ တော် ကြီးပွားပါစေ၊ ကြည်ညိုသူ လူအပေါင်းတို့ ကုသိုလ်တရား တိုးပွားနိုင်ပါစေ' ဆိုပြီး အဓိဋ္ဌာန်ရင်၊

၃) သီလသမာဓိပညာ စွမ်းရည်မြင့်တဲ့ မိန်းမ ယောကျ်ား ရဟန်းရှင်လူတို့ စေတီတော်ကို ပန်းနံ့သာ စသည်နဲ့ ပူဇော်ပြီး 'စေတီတော် ရောင်ခြည်လွှတ် ပါစေ' လို့ အဓိဋ္ဌာန်ရင် စေတီတော် ရောင်ခြည်လွှတ်ပါတယ် (မိလိန္ဒ၊ ၂၇၇)။

'ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား၊ ပြောင်းလို့လို့ များထွေ၊ ထူးထွေတည့် အံ့ရာသော် ... စွယ်တော်ကျောင်းက ခြောက်ဖြာရောင်ခြည် လွှတ်သည် နှင့်သာပင် ...'ဆိုတဲ့ ရောင်ခြည်ဖွင့် သီချင်းခန့်ကြီးဟာ ဘုရင်ကိုးကွယ်တဲ့ စွယ်တော်ကျောင်းက ဓာတ်တော်တွေ ရောင်ခြည် ကွန့်မြူးတာကို အကြောင်းပြုပြီး လူအများ ကြည်ညိုနိုင်အောင်လို့ မြဝတီမင်းကြီး ဦးစ ရေးသီခဲ့တာ ဖြစ်ပါတယ်။

### သတိရှိတတ်ပါစေ

အမှတ် (၃) စေတီ သို့မဟုတ် ဓာတ်တော် ကွန့် မြူးရခြင်း အကြောင်းနှင့် စပ်လို့ မသူတော် (သူတော်ကောင်းအစစ် မဟုတ်သူ)တို့ အခွင့်အရေး ယူလေ့ရှိတာကို သတိထားသင့်ပါတယ်။ 'စေတီတော်အနီးမှာ မိမိ (ရဟန်း သို့မဟုတ် လူ) ပရိတ်ရွတ်နေတုန်း ပဋ္ဌာန်းရွတ်နေတုန်း တရားဟောနေတုန်း စေတီ တော်က ရောင်ခြည်လွှတ်ပါတယ်' လို့ မိမိကိုယ်ကို လူအများ အထင်ကြီးအောင် မိမိထံ လူအများ စုရုံးလာ အောင် လာဘ်သပ်ပကာ ပေါ်များဖို့ ရည်ရွယ်ချက်နဲ့ ဗွီဒီယို ရိုက်ပြတာမျိုး၊ တစ်ယောက်ယောက်က 'အလံရှူး' လုပ်ပေးတာမျိုးတွေ ရှိနိုင်လို့ အဲဒီလို လုပ်စားသူတွေရဲ့ လှည့်ဖျားမှုကို မခံရအောင် သတိရှိတတ်ဖို့ အရေးကြီးကြောင်းပါ။ ☐